ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၂ ခုနှစ်၊တနင်္သာရီတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

( ၂၀၁၂ ခုနှစ်၊တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၇၃ ခုနှစ်၊ တန်ခူး လဆန်း ၄ ရက်
( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက် )

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေ ကို ၂၀၁၂ ခုနှစ်၊ တနင်္သာရီ တိုင်းဒေသကြီး၏ ဘဏ္ဍာ ငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက် စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီး အ စိုး ရ အဖွဲ့၊ တိုင်း ဒေ သ ကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများ ကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများ ကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီး ဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ

လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဌာန အဖွဲ့အစည်းများ နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကိုပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်း နှင့်စပ်လျဉ်း၍တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၂ – ၂၀၁၃ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုး အကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီး အဆင့် ဌာန အဖွဲ့အစည်းများ နှင့် စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစား များကိုသာ ကောက်ခံ နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် စီမံကိန်း ရည်မှန်းချက်များ အရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများ ကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြ ရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များ အရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံ ကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅) နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၂ – ၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြတ်ကို

ဝန်ကြီးချုပ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သို့မဟုတ်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇.၉၉၉ | | | | | | |
| ၂ | ဥပဒေရုံး | တိုင်းဒေသကြီး ဥပဒေချုပ်သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၁၄၇ | | | | | | |
| ၃ | စာရင်းရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၃၆ | | | | | | |
| | ပေါင်း | | | | ၈.၁၈၂ | | | | | | |

## တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် က တာဝန်ပေးသူ | ၂၄၃.၃၆၇ | | | ၂.၂၅၀ | | | |
| ၂ | ဥပဒေရုံး | တိုင်းဒေသကြီး ဥပဒေချုပ်သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၁၅၉.၄၀၀ | | | | | | |
| ၃ | စာရင်းရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၀၆.၅၆၁ | | | ၁၆၈.၂၉၀ | | | |
| | ပေါင်း | | ၇၀၉.၃၂၈ | | | ၁၇၀.၅၄၀ | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ်(သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၃၀.၂၁၆** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၃၀.၂၁၆ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | ၄င်း | **၂၅၂.၁၉၆** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၂.၀၆၉ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀.၀၅၆ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၄၁.၀၇၃ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၀.၄၁၆ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၉၈.၅၈၂ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံ သည့် အခွန်** | ၄င်း | **၃၃၂.၄၀၂** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၂၈၂.၆၀၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၄၉.၈၀၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ** | ၄င်း | | ၄၆.၈၆၇ | | | | | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | **၄.၆၉၃** | | | **၁၀၀၀.၀၀၀** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄.၆၇၄ | | | ၁၀၀၀.၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၁၉ | | | | | | |
| ၆ | | **သမဝါယမ** | ၄င်း | | | **၀.၁၉၃** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀.၁၉၃ | | | | | | |
| ၇ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | | | **၃၉.၇၆၇** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၉.၃၉၄ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀.၃၇၃ | | | | | | |
| ၈ | | **ဆောက်လုပ်ရေး** | ၄င်း | | | **၃.၄၂၀** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၈၁၁ | | | | | | |
| | ၂ | အဆောက်အဦ၊လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၂.၆၀၉ | | | | | | |
| ၉ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၄င်း | | | **၀.၀၀၅** | | | **၁၃၇၈၀.၃၅၀** | | **၆၈.၄၉၂** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | | | | ၀.၀၀၅ | | | ၁၃၇၈၀.၃၅၀ | | ၆၈.၄၉၂ | |
| ၁၀ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | | | **၀.၀၁၄** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၁၄ | | | | | | |
| ၁၁ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၄င်း | | | **၉.၄၀၅** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၉.၄၀၅ | | | | | | |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | | **၂၁၄၀.၂၄၃** | | | | | | |
| | | ပေါင်း | | ၇၁၄.၈၁၄ | ၄၆.၈၆၇ | ၂၁၉၇.၇၄၀ | | | ၁၄၇၈၀.၃၅၀ | | ၆၈.၄၉၂ | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၂၂၇၀.၅၁၈** | | **၁၀၁၅.၀၀၀** | **၅၉၉.၆၇၇** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၃၄၀.၉၄၄ | | ၁၀၁၅.၀၀၀ | ၁၂၆.၄၆၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၈၆.၉၅၄ | | | ၇၆.၉၀၀ | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၈၄၂.၆၂၀ | | | ၃၉၆.၃၁၇ | | | |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | **၅၀၀.၀၀၄** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၄၅.၆၄၈ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၅၄.၃၅၆ | | | | | | |
| ၃ | | **သမဝါယမ** | ၄င်း | **၁၄၄.၃၈၂** | | | **၂.၅၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၄၄.၃၈၂ | | | ၂.၅၀၀ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | **၂၄၅.၈၈၇** | | | **၁၃၈.၄၆၁** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၇၄.၀၀၅ | | | ၁၃၈.၄၆၁ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၁.၈၈၂ | | | | | | |
| ၅ | | **ဆောက်လုပ်ရေး** | ၄င်း | **၃၁၄၇.၄၂၆** | | | **၅၃၇၁.၂၀၅** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၈.၄၄၉ | | | ၅၄၀.၀၉၈ | | | |
| | ၂ | အဆောက်အဦ၊လမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၀၅၈.၉၇၇ | | | ၄၈၃၁.၁၀၇ | | | |
| ၆ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၄င်း | **၄၁.၈၃၉** | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | | ၄၁.၈၃၉ | | | | | | |
| ၇ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၁၁၈.၉၇၄** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၁၈.၉၇၄ | | | | | | |
| ၈ | | အလုပ်သမား | ၄င်း | ၉.၁၀၉ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီ | | ၉.၁၀၉ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် **သစ်တောရေးရာ** | ၄င်း | ၃၄၀.၉၉၀ | | | ၃၃၁.၇၁၉ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃၄၀.၉၉၀ | | | ၃၃၁.၇၁၉ | | | |
| ၁၀ | | **အားကစား** | ၄င်း | **၉၉.၆၈၉** | | | **၁၈.၀၆၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၉၉.၆၈၉ | | | ၁၈.၀၆၀ | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | **၁၀၃၀.၈၀၈** | | | **၁၅၅၅.၃၀၇** | | | |
| | | ပေါင်း | | **၇၉၄၉.၆၂၆** | | **၁၀၁၅.၀၀၀** | **၈၀၁၆.၉၃၉** | | | |

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၃.၁၃၉ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၃.၁၃၉ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၄င်း | | | ၇၇၀၃.၈၈၉ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၇၇၀၃.၈၈၉ | | | | | | |
| | | ပေါင်း | | | | ၇၇၂၇.၀၂၈ | | | | | | |

## တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးအပ်သူ | ၂၅.၉၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၅.၉၀၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၄င်း | ၇၆၅၆.၁၄၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၇၆၅၆.၁၄၀ | | | | | | |
| | | ပေါင်း | | ၇၆၈၂.၀၄၀ | | | | | | |